မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 533 766 E-mail : blcms@cscoms.com Website : www. blc-burma.org

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ တရားဝင်အလုပ်လုပ်ကိုင်ခွင့် နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ ထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် အလုပ်သမားများအပါအဝင် မြန်မာနိုင်ငံပြည်တွင်း နှင့် အိမ်နီးချင်းနိုင်ငံများရောက် မြန်မာနိုင်ငံသားပြည်သူများ၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ (Legal Rights) တိုးတက်ရရှိစေရန် တတ်နိုင်သမျှ ကြိုးပမ်းစွမ်းဆောင်လျှက်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများ အနက်တရပ်မှာ အကြောင်းကြောင်းကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာလျှက် အိမ်နီးချင်းတိုင်းပြည်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျှက်ရှိကြသော မြန်မာအလုပ်သမားများသည် သက်ဆိုင်ရာနိုင်ငံဥပဒေများ နှင့် အညီ တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ခွင့် (Legal Status) ရရှိရေးဖြစ်ပါသည်။

၂။ ထိုင်းနိုင်ငံ တောင်ပိုင်းတွင် မြန်မာအလုပ်သမားများ ဆူနာမီ လှိုင်းကြီး၏ ဘေးဒဏ်ခံရပြီးနောက် ၂၀၀၅ ခုနှစ် ဇန်နဝါရီ လအတွင်း ဒင်းနစ်မြန်မာကော်မတီ၏ အကူအညီဖြင့် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကိုယ်စားလှယ်အဖွဲ့တခုသွားရောက်ကွင်းဆင်းလေ့လာပြီးနောက် သုံးသပ်ချက် စါတမ်းတစောင်ကို အင်္ဂလိပ်ဘာသာအရ Unseen Marginalized Victims of Asian Tsunami: A Brief Analysis on the Situation of the Burmese Migrant Workers In Thailand After Tsunami ဟူသောခေါင်းစဉ်ဖြင့် ပြုစုဖြန့်ဝေခဲ့ပါသည်။ အဆိုပါ သုံးသပ်ချက် စါတမ်းတွင် မြန်မာနိုင်ငံမှ အလုပ်သမားများသည် လှိုင်ဘေးဒဏ်ခံစါးပြီး ထိုင်းနိုင်ငံသားများကဲ့သို့၊ သေဆုံးဒဏ်ရာရ၊ ဘဝပျက်စီး နစ်နာရသည် ခြင်းတူပါလျှက် ခွဲခြားဆက်ဆန်ခံနေကြရသဖြင့် အောက်ပါ အခွင့်အရေးများ ဆုံးရှုံးနေကြောင်းတင်ပြခဲ့ပါသည်။

(က) ထိုင်းအစိုးရ၏ အလုပ်သမားဝန်ကြီးဌာနသည် မြန်မာအလုပ်သမားများ၏ သေဆုံး၊ ဒဏ်ရာရစါရင်းကို ထိုင်းအလုပ်ရှင်များ လာရောက်ပေးပို့သည့်အခါမှသာ ကောက်ယူမှုများရှိပြီး၊ စနစ်တကျပြည့်ပြည့်စုံစုံကောက်ယူစုဆောင်းမှု မရှိကြောင်း။ မျိုးရိုးဗီဇ စစ်ဆေးခြင်း (DNA Test) ကိုလည်း ထိုင်းများ နှင့်အခြားနိုင်ငံခြားသားခရီးသည်များ အတွက်သာကန့်သတ်ထားကြောင်း၊ဆူနာမီဘေးဒဏ်မှ ထွက်ပြေးလွတ်မြောက်သွားကြသော မြန်မာအလုပ်သမားများသည် ၎င်းတို့၏ ဒုက္ခခံစါးရမှုများအား ထိုင်းအာဏာပိုင်များထံ တိုင်ကြားနိုင်သည့် အခွင့်အလန်းများ ကင်းမဲ့ နေခဲ့ကြောင်း။

(ခ) ဆူနာမီ ကြောင့်သေဆုံးခဲ့ရသော ထိုင်းနိုင်ငံသားတဦးသည် ဘုန်းကြီးကျောင်းများမှ ဘတ်ငွေ ၄၀၀၀၀၊ ထိုင်းအစိုးရထံမှ ဘတ်ငွေ နှစ်သောင်း၊ အသက်အာမခံကုမ္ပဏီများ ထံမှ ဘတ်ငွေ ၁၇၀၀၀၊ အခြားအဖွဲ့အစည်းများမှ အလှူငွေများ နှင့်ပါ ပေါင်းစပ်လျှင် သေဆုံးသွားသော ထိုင်းနိုင်ငံသား တဦးခြင်းအတွက် ဘတ်ငွေတသိန်း ဝန်း ကျင်ခံစါးခွင့် ရှိခဲ့သော်လည်း ထိုဒေသ ၏ ထိုင်းစီးပွားရေးတွင် အရေးကြီးသော ကဏ္ဍမှ ပါဝင်ပံ့ပိုးပေးခဲ့ကြသော မြန်မာအလုပ်သမားများမှာ သေဆုံးသွားပြီးနောက်တွင် မည်သည့်ခံစါးခွင့်မျှ မရရှိခဲ့ကြောင်း။

(ဂ) နိုင်ငံတကာမှ ပေးပို့သည်ဟူသော ကူညီစောင့်ရှောက်မှု (Relief) များမှာလည်း ထိုင်းအမျိုးသားများ၏ လက်ဝယ်မှသာအဓိက အများစု ဖြတ်သန်းရောက်ရှိလာသဖြင့် မြန်မာအလုပ်သမားများ လက်ခံရရှိမှု အခက်အခဲများ ရှိခဲ့ပြီး လက်ခံရရှိခဲ့သည့်ကာလမှာလည်း တိုတောင်းကြောင်း၊ လူမှုရေး ထောက်ပံ့ကူညီမှုများ လိုအပ်လျှက်ရှိနေကြောင်း။

(ဃ) ဆူနာမီဖြစ်ပွားပြီးနောက် ဘေးဒုက္ခခံစားခဲ့ကြရသောမြန်မာအလုပ်သမားများကို မြန်မာနိုင်ငံသို့ပြန်လည် ပို့ဆောင်ပေးခဲ့ရာတွင် ထိုင်းအစိုးရ နှင့် နအဖ သည် ဥပဒေ နှင့်အညီ ဖေါ်ဆောင်ခဲ့ခြင်းမဟုတ်သဖြင့် နအဖ သည် မြန်မာအလုပ်သမားဒုက္ခသည်များကို နည်းလမ်းတကျလက်ခံခဲ့ခြင်း မရှိကြောင်း။

(င) ဆူနာမီ ဒဏ်ကြောင့် ဒုက္ခရောက်ခဲ့ကြရသောမြန်မာအလုပ်သမား အချို့မှာခြေဦးတည့်ရာပြေးလွှားကြသောအခါ ခိုးဆိုးလုယက်သူများအဖြစ် ဖမ်းဆီးအရေးယူခံနေရမှုများ ဖြစ်ပွားနေကြောင်း – တင်ပြခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံမှ အလုပ်သမားများသည် ထိုင်းနိုင်ငံတွင် တရားဝင်အလုပ်လုပ်ခွင့်ရ ကြသူများ မဟုတ်သဖြင့်

(၁) ရွှေ့ပြောင်းသွားလာခွင့်မရခြင်း
(၂) ပုဂ္ဂိုလ်ရေး လုံခြုံမှု ကင်းမဲ့ခြင်း
(၃) လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့် နှင့် စုဝေးခွင့် ဆုံးရှုံးခြင်း
(၄) အလုပ်ရှင်နှင့် လုပ်ငန်းခွင် ပြောင်းလဲရန် ကြိုးပမ်းရာ ၌ ကြီးမားသော အခက်အခဲ နှင့် ကြုံတွေ့ရခြင်း
(၅) လက်ရှိထိုင်းအစိုးရ၏ အလုပ်သမားမှတ်ပုံတင် လုပ်ငန်း၌အားနည်းမှုများရှိနေသဖြင့် အလုပ်သမားများ နစ်နာမှုများ ရှိနေခြင်း စသည်တို့ကို တင်ပြခဲ့သည်။

၃။ ၂၀၀၅ ခုနှစ် မေလ (၁၂) ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ အနီး အုဆောလား တက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့သော ***Forgotten Tsunami Victims:Burmese Migrants Workers in South East Asia*** အစည်းအဝေးသို့ မြန်မာနိုင်ငံရွှေ့နေများကောင်စီမှ ကိုယ်စားလှယ်တဦးတက်ရောက်ခဲ့ပြီး မြန်မာအလုပ်သမားများ ခံစားနေရမှုများ လျော့ပါးသက်သာအောင် ဥပဒေကြောင်းအရ ပိုမိုတိုးမြှင့် လုပ်ဆောင်ပေးရေးအတွက် စကင်ဒီနေးဗီးယား တိုင်းပြည်များ အနေဖြင့် မြန်မာစစ်အာဏာပိုင်များနှင့် ထိုင်းအစိုးရအား မေတ္တာရပ်ခံပေးကြပါရန် တင်ပြခဲ့သည်။

၄။ ၂၀၀၅ ခုနှစ်မေလ နောက်ဆုံးပတ်တွင် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တဦးသည် ပြင်သစ်နိုင်ငံ ပါရီမြို့သို့သွားရောက်ပြီး နိုင်ငံတကာလူ့အခွင့်အရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် International Federation for Human Rights – FIDH ဌာနချုပ်ရုံး သို့သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ ဥပဒေအရရသင့်ရထိုက်သော အခွင့်အရေး ဆုံးရှုံးနေမှုများကို ကုလသမဂ္ဂသို့ တင်ပြဆောင်ရွက် နိုင်ရေးအတွက် အကူအညီ တောင်းခံခဲ့သည်။ ထို့နောက် FIDH မှ ကိုယ်စားလှယ်များသည် ၂၀၀၅ ခုနှစ်ဇူလိုင်လအတွင်း ထိုင်းနိုင်ငံ လူ့အခွင့်အရေး အခြေအနေ များ နှင့် စပ်လျဉ်း ၍ သုံးသပ် ဆွေးနွေး သည့် ရှစ်ဆယ့်လေးကြိမ် မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (UN Human Rights Committee) အစည်းတွင် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ပြုစုထားသော အပုဒ် (၂) ပါ သုံးသပ်ချက်စါတမ်းကို တင်ပြဆွေးနွေးအကူအညီပေးခဲ့ကြသည်။

၅။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီသည် ထိုင်းအစိုးရ၏ တင်ပြချက်များကို ၂၂၈၄၊ ၂၂၈၄၊ ၂၂၈၅ အစည်းအဝေး အမှတ်စဉ်များအရ ဇူလိုင်လ (၁၉) နှင့် (၂၀) ရက်နေ့များတွင် ကြားနာခဲ့သည်။ အစည်းအဝေးအမှတ်စဉ် ၂၃၀၇ တွင် ထိုင်းနိုင်ငံအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၏ နိဂုံးချုပ်လေ့လာ တွေ့ရှိချက်များ အဖြစ် ဇူလိုင်လ (၂၈) ရက်နေ့တွင် ဆုံးဖြတ်ချမှတ်ပေးခဲ့သည်။ ၄င်း ဆုံးဖြတ်ချမှတ်ပေးချက်များ အနက် အပုဒ် (၂၃)မှာ မြန်မာနိုင်ငံရှေ့နေများကောင်စီ မှ တင်ပြ ချက်များ အပေါ် အခြေခံလျှက် ချမှတ် ခြင်းဖြစ်သည် ဟု ၄င်းတို့ သုံးသပ်ကြောင်းဖြင့် ဩဂုတ်လ (၁၈) ရက်နေ့တွင် FIDH အဖွဲ့ကြီးမှ မြန်မာနိုင်ငံရှေ့နေများကောင်စီ သို့ အကြောင်းကြားလာခဲ့သည်။ အပုဒ် (၂၃) မှာ အောက်ပါအတိုင်းဖြစ်သည်။

> 23. The Committee is concerned about the lack of full protection of the rights of registered and unregistered migrant workers in Thailand, particularly with regard to liberty of movement, access to social services and education, and access to personal documents. The deplorable conditions in which migrants are obliged to live and work indicate serious violations of articles 8 and 26 of the Covenant. The Committee notes that

ethnic minorities and migrants from Myanmar are particularly vulnerable to exploitation by employers as well as to deportation by the Thai authorities. The Committee is also concerned that a significant number of mainly Burmese migrant workers remain missing in the aftermath of the Tsunami in December 2004 and that others were not provided with the necessary humanitarian assistance due to their lack of legal status. (arts. 2, 8 and 26).

**The State party must take measures to effectively implement the existing legislation providing for the rights of migrant workers. Migrant workers should be afforded full and effective access to social services, educational facilities and personal documents, in accordance with the principle of nondiscrimination. The State party should consider establishing a governmental mechanism to which migrant workers can report violations of their rights by their employers, including illegal withholding of their personal documents. The Committee also recommends that humanitarian assistance is effectively provided to all victims of the Tsunami disaster without discrimination, regardless of their legal status.**

၆။ ထိုင်းနိုင်ငံ နှင့် ကုလသမဂ္ဂ ၏ ဆက်ဆံရေးမှာ မြန်မာနိုင်ငံ နှင့် ဆက်ဆံရေး ကဲ့သို့ မဟုတ်ပါ ။ အပြည် ပြည်ဆိုင်ရာလူ့အခွင့်အရေးများသည် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေသဘွယ်ဖြစ်လာသဖြင့် မြန်မာနအဖအနေဖြင့် လေးစားလိုက်နာရန် တာဝန်ရှိလာသော်လည်း အများပြည်သူနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights) ကိုလက်မှတ်ရေးထိုးထားခြင်း မရှိသဖြင့် မလိုက်နာ ပျက်ကွက်သောအခါ အရေးယူဆောင်ရွက်ရာ၌ များစွာအားနည်းပါသည်။ ထိုင်းနိုင်ငံ အနေဖြင့်မူ အဆိုပါ နိုင်ငံတကာစာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုထားခဲ့ပြီးဖြစ်သဖြင့် စာချုပ်အရ ပြဋ္ဌာန်းချက်များကို ကိုးကားလျှက် ကုလသမဂ္ဂမှ လမ်းညွှန်ဆုံးဖြတ်ချက်များ ချမှတ်လာလျှင်မူ ထိုင်းအစိုးရသည် စာချုပ်ဝင်နိုင်ငံတနိုင်ငံ (State Party) အနေဖြင့် အလေးထား လိုက်နာဆောင်ရွက်ရန် ပို၍တာဝန် ရှိပါသည်။

၇။ ဩဂုတ်လ (၂၅) ရက်နေ့တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ Forum-Asia မှ ကြီးမှူးပြီး ထိုင်းနိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းများဖြစ်သော၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ရှေ့နေချုပ်ရုံးနှင့် အစိုးရအရာရှိများ၏ လုပ်ဆောင်ချက်များအား မကြေနပ်၍ တိုင်တန်းမှုများအပေါ်စုံးစမ်းအရေးယူသည့် ဌာန များမှ ကိုယ်စားလှယ်များ ပါ ပါဝင်တက်ရောက်သည့် အစည်းအဝေးတွင် မြန်မာနိုင်ငံရှေ့နေများကောင်စီ မှ ကိုယ်စားလှယ်တဦးတက်ရောက်ပြီး အထက်ပါ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၏ နိဂုံးချုပ်ချက်များကို ရည်ညွှန်းလျှက် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ ဥပဒေဆိုင်ရာ အခွင့်အရေးဆုံးရှုံးနေမှုများအပေါ် ထိုင်းအစိုးရ အနေဖြင့်အလေးထားစဉ်းစားဆောင်ရွက်ပေးရန် စတင် တင်ပြနေပြီ ဖြစ်ပါသည်။

၈။ ထိုင်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဆင့်ကို တက်လှမ်းနေပြီဖြစ်သဖြင့် အောက်ခြေ အလုပ်သမားများအဖြစ် လုပ်ကိုင်ပြီး ထိုင်းစီးပွားရေး တိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန် မြန်မာနိုင်ငံမှ အလုပ်သမားများကို မလွှဲမသွေ ဆက်လက်လက်ခံထားရဦးမည်သာမက ယခုထက်ပို၍များပြားစွာ အရေအတွက် တိုးတက်လက်ခံရန်လည်း လိုအပ်နေသည်။ မြန်မာနိုင်ငံအတွင်းမှာလည်း နအဖ သည် အလုပ်သမားများ အတွက် အလုပ်အကိုင်သစ်များ ဖန်တည်း မပေးနိုင်ခြင်း၊ လုပ်အားနှင့် လုပ်ခမမျှတဘဲ လောက်ငှမှု မရှိခြင်း၊ အလုပ်သမားသမဂ္ဂ ဖွဲ့စည်းခြင်း အပါအဝင် အလုပ်သမားအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်သည့် အနေအထားမရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ တိုင်းရင်းသားပေါင်းစုံပြည်သူများသည် အိမ်နီးခြင်းနိုင်ငံများ (အထူးသဖြင့် ထိုင်း၊ မလေးရှား)သို့ ထွက်ခွာကာ ရရာ အလုပ်များ လုပ်ကိုင်လျှက် အသက်မွေးကြရသည်။ ဤတွင် ထိုင်းအစိုးရ နှင့် မြန်မာ နအဖ အစိုးရ တို့ သည် အလုပ်သမားများ မြန်မာနိုင်ငံတွင်းမှ တည်ဆဲ ဥပဒေ နှင့် အညီ တရားဝင် ထွက်ခွာလာပြီး ထိုင်းနိုင်ငံတည်ဆဲဥပဒေများ နှင့် အညီ တရားဝင် ဝင်ရောက်လုပ်ကိုင်ခွင့် ရစေရန် မည်သည့် စီစဉ်ဆောင်ရွက်မှုများမျှလုပ်ဆောင်ခြင်း မရှိသေးချေ။

၉။ မြန်မာနိုင်ငံထဲမှ တရားမဝင် ထွက်ခွာလာပြီးပြန်လည်ဝင်ရောက်သူအားလုံးသည် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃(၁) အရ ပြစ်မှုကျူးလွန်ရာရောက်သဖြင့် ထောင်ဒဏ် (၆) လမှ ငါးနှစ်အထိ ပြစ်ဒဏ်စီရင်နိုင်သည်။ နအဖ အစိုးရအနေဖြင့် မြန်မာနိုင်ငံမှ အလုပ်သမား များ ထိုင်းနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက် အလုပ်လုပ်ကိုင်ခွင့် ရရှိစေရေးအတွက် မည်သည့် ဆောင်ရွက်မှုများမျှ လုပ်ဆောင်ပေးခြင်းမရှိသဖြင့် မိမိနိုင်ငံသားများကို ပြစ်မှုကျူးလွန်သူများဖြစ်စေရန် တွန်းပို့ပေးနေသကဲ့သို့ ဖြစ်နေ ပေသည်။

၁၀။ မြန်မာနအဖ က ထိုင်းနိုင်ငံရောက် မိမိတို့နိုင်ငံသား အလုပ်သမားများအရေးအတွက် မည်သို့မျှ စဉ်းစားဆောင် ရွက်ပေးခြင်း မရှိသည့် အချိန်တွင် ထိုင်းအစိုးရက အလုပ်သမားမှတ်ပုံတင်သည့် အစီအစဉ်ပြုလုပ်ပေးပြီး အလုပ်လုပ် ခွင့်ပေးထားခြင်းအားဖြင့် မြန်မာအလုပ်သမားများ အတွက်များစွာသက်သာခွင့်ရရှိစေသဖြင့် ကျေးဇူးတင်ရမည် ဖြစ် သည်။ သို့ရာတွင် ဤ အလုပ်သမားမှတ်ပုံတင်သည့် အစီအစဉ်မှာ တဝက်တပျက်တရားဝင် သည့်အဆင့် **(Semi-legal Status)** သာ ရှိပြီး တကယ့်တရားဝင်အဆင့်သို့ မရောက်ပေ။ အဘယ်ကြောင့်ဆိုသော် ၁၉၇၉ ခုနှစ် ထိုင်းလူဝင် မှု ကြီးကြပ်ရေးဥပဒေ ပုဒ်မ(၁၂) အရ ပြစ်မှုကျူးလွန်ရာရောက်နေ၍ဖြစ်သည်။ ထိုဥပဒေ ပုဒ်မ (၁၇) ချွင်းချက်အရ လည်း အကာအကွယ်ရနိုင်ရန် မလွယ်ပေ။ တဝက်တပျက်တရားဝင်သည့်အဆင့်သာ ဖြစ်သဖြင့် မြန်မာအလုပ်သမား များ အနေဖြင့် ထိုင်းအလုပ်ရှင်များ လက်ဝယ်တွင်၄င်းတို့ကြိုက်နှစ်သက်သလိုခိုင်းခွင့်ရနေသည့်အချိန်တွင်အခက်အခဲ မရှိသော်လည်း ထိုင်းအလုပ်ရှင်များနှင့်ပြဿနာဖြစ်လာပြီး အလုပ်သမားတဦးရသင့်ရထိုက်သည့်အခွင့်အရေးတိုးတက် ရရှိရေးအတွက် လှုပ်ရှားလုပ်ဆောင်ရန်ရှိလာသောအခါ အဆိုပါအလုပ်သမားမှတ်ပုံတင်လက်မှတ်မှာ ဥပဒေကြောင်း အရ အပြည့်အဝ အကာအကွယ် မပေးနိုင်တော့ချေ။ ပို၍ ဆိုးသည်မှာ ဥပဒေအရ အကာအကွယ် အပြည့်အဝ မရ နိုင်သဖြင့် ထိုင်းရဲများ၊ ထိုင်းအာဏာပိုင်များကို ရင်မဆိုင်ရဲသောကြောင့် လူ့အခွင့်အရေးချိုးဖေါက်ကျူးလွန် ခံရသော အခါများတွင် ထိရောက်စွာတိုင်တန်းအရေးယူဆောင်ရွက်နိုင်မှု မရှိခြင်းဖြစ်သည်။

၁၁။ အထက်ပါ အကြောင်းများကို အခြေခံကာ မြန်မာနိုင်ငံ ရှေ့နေများကောင်စီအနေဖြင့် ထိုင်းနိုင်ငံ အစိုးရအား အောက်ပါအတိုင်းပန်ကြားအပ်ပါသည်။

(က) မြန်မာနိုင်ငံမှ အလုပ်သမားများ ထိုင်းနိုင်ငံအတွင်း၌ တရားဝင် အလုပ်လုပ်ခွင့် ရနိုင်ရေး၊ မြန်မာ နိုင်ငံသို့ ဥပဒေနှင့် အညီတရားဝင်ပြန်လည်ဝင်ရောက်ခွင့်ရနိုင်ရေးတို့ အတွက် မြန်မာနအဖ စစ်အစိုးရနှင့် ညှိနိုင်း ဆောင်ရွက်ပေးပါရန်။

(ခ) ဆူနာမီလျောင်လှိုင်းဒဏ်ခံရပြီးနောက် ထိုင်းနိုင်ငံတောင်ပိုင်းတွင် သေကြေ၊ ဘဝနစ်နာ၊ ပျက်စီး ထိခိုက် ခဲ့ကြရသော မြန်မာအလုပ်သမားများနှင့် ၄င်းတို့၏ မိသားစုများ၏ စာရင်းကို (အလုပ်သမားမှတ်ပုံတင်ခဲ့သည်ဖြစ်စေ၊ မတင်ခဲ့သည်ဖြစ်စေ) စနစ်တကျအပြည့်အစုံ ကောက်ယူ စုဆောင်းပြီး ၄င်းတို့နစ်နာ ဆုံးရှုံးခဲ့ရမှုများအတွက် ထိုက် သင့်သော လျော်ကြေးနှင့် ခံစားခွင့်များပေးရန်၊ ထိုင်းအလုပ်ရှင်များနှင့် ညှိနိုင်းဆောင်ရွက်ပေးရန်။

(ဂ) ထိုင်းနိုင်ငံတောင်ပိုင်းတွင် ယခုတိုင် ပိုင်ရှင်မပေါ်ဘဲ ထိမ်းသိမ်းထားသော အလောင်းများ၏ အများစုမှာ မြန်မာနိုင်ငံသား အလုပ်သမားများ၊ မိသားစုများ၏ အလောင်းများ ဖြစ်နိုင်ဘွယ်ရှိသည်။ ဆူနာမီ လျောင် ဒဏ်ခံ ရပြီး နောက် မြန်မာနိုင်ငံသို့ပြန်ပြေးသွားကြသော အလုပ်သမားများ၊ မိသားစုများ ထိုင်းနိုင်ငံတောင်ပိုင်း သို့ပြန်လည်လာ ရောက်ပြီး မျိုးရိုးဗီဇ စစ်ဆေးခြင်းလုပ်ဆောင်နိုင်ရေး အတွက် မြန်မာ နအဖ စစ်အစိုးရနှင့် ညှိနိုင်းဆောင်ရွက်ပေးရန်။

(ဃ) ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီမှ လမ်းညွှန်သကဲ့သို့ ရွှေ့ပြောင်း အလုပ်သမား များ၏ အခွင့် အရေးများအား အလုပ်ရှင်များက ချိုးဖေါက်မှုများ ရှိလာပါက အရေးယူဆောင်ရွက်နိုင်စေရေးအတွက် အလုပ်သမား များအနေဖြင့် တိုင်ကြားခွင့် ရနိုင်စေမည့် အစိုးရယန္တယားများ ကို ဖေါ်ဆောင်ပေးရန်။ ( ယင်းသို့စီမံဖေါ်ဆောင်ပေး ခြင်းဖြင့် အလုပ်သမားများအနေဖြင့် မကြေနပ်မှုများဖြစ်ပွားလာပါကတိုင်တန်းခွင့် ရကြခြင်းဖြင့် ထိုင်းနိုင်ငံသား အလုပ်သမားများက ထိုင်ဝမ်နိုင်ငံတွင် အကြမ်းဘက် တောင်းဆိုကြသည့် ဖြစ်ရပ်မျိုး ထိုင်းနိုင်ငံအတွင်း ၌ မဖြစ်ပွား နိုင်ရေး အတွက် ကြိုတင်ကာကွယ်မှုပေးနိုင်မည် ဟု ယူဆပါသည်။)

၁၂။ မြန်မာ နအဖ အစိုးရအား အောက်ပါအတိုင်း တောင်းဆိုအပ်ပါသည်။

(က) အစိုးရ တရပ်၏ အခြေခံ အကျဆုံးတာဝန်မှာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ နအဖ သည် တရားမဝင်ပါဘဲလျှက် တိုင်းပြည် အာဏာကို ထိမ်းချုပ်ကာ မိမိကိုယ် မိမိ အစိုးရအဖြစ် တိုင်းပြည်ကို ကြေငြာအုပ်ချုပ်လျှက် ရှိသည်။ သို့ ဖြစ်၍ မြန်မာနိုင်ငံမှ တရားဝင်ထွက်လာသည်ဖြစ်စေ၊ တရားမဝင်ထွက်လာသည်ဖြစ်စေ၊ ထွက်ခွာလာပြီးနောက် အိမ်နီးခြင်းနိုင်ငံများ၌အလုပ်လုပ်ရင်း ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု ထိခိုက်ဆုံးရှုံးနေကြရသောမြန်မာနိုင်ငံသားများကို ပစ်မထားဘဲ အစိုးရတာဝန်ကြေပွန်စွာဖြင့် တတ်နိုင်သမျှကာကွယ်စောင့်ရှောက်မှုပေးရန်။

(ခ) အလုပ်သမားများ မြန်မာနိုင်ငံမှ တရားဝင်ထွက်ခွာပြီး ထိုင်းနိုင်ငံသို့ တရားဝင် ဝင်ရောက် အလုပ်လုပ်ကိုင်ခွင့် ရနိုင်စေမည့် ဥပဒေအဆင့်အတန်း **(Legal Status)** တရပ် ပေါ်ပေါက်လာရေး အတွက် ထိုင်းအစိုးရ နှင့် အမြန်ဆုံး ညှိနိုင်းဆောင်ရွက်ရန်။

(ဂ) ဆူနာမီ လှေုင်းဘေးဒဏ်ခံရပြီး သေဆုံးခဲ့ကြသော အလုပ်သမားများအတွက် ကျန်ရစ်သူမိသားစုများ အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်ကာ မျိုးရိုးဗီဇ စစ်ဆေးမှု ခံယူပြီး အလောင်းများကို ပြန်လည် ဖေါ်ထုတ် နိုင်ရေး၊ ထိုက်သင့်သော လျော်ကြေးငွေများ ခံစားရရှိခွင့် ရနိုင်ရေး တို့ အတွက် မိမိနိုင်ငံသားများကို ကူညီဆောင်ရွက် ပေးရန်။

၁၃။ ထိုင်းနိုင်ငံအတွင်း၌ နည်းလမ်းမျိုးစုံဖြင့်ရပ်တည်ပြီး လူ့ အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ ဥပဒေ ဆိုင်ရာ အခွင့်အရေး တို့ အတွက် လှုပ်ရှားလုပ်ဆောင်နေကြသော နိုင်ငံတကာအဖွဲ့ အစည်းများ၊ ထိုင်းနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ အစည်းများ၊ မြန်မာနိုင်ငံသားများဖြင့် ဖွဲ့ စည်းထားသော အဖွဲ့ အစည်းများအား လည်းကောင်း ထိုင်းနိုင်ငံပြင်ပ နိုင်ငံတကာ နိုင်ငံများ၌ လှုပ်ရှားလုပ်ဆောင်နေကြသော နိုင်ငံတကာအဖွဲ့ အစည်းများ၊ မြန်မာ နိုင်ငံသားများဖြင့် ဖွဲ့ စည်းထားသော အဖွဲ့ အစည်းများအား လည်းကောင်း အောက်ပါ အတိုင်း မေတ္တာရပ်ခံ အပ်ပါသည်။

(က) ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျှက်ရှိကြသော သန်းနှင့် ချီသော အရေအတွက် ရှိသည့် မြန်မာ နိုင်ငံသား အလုပ်သမားများ၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများရရှိ စေကာ အလုပ်လုပ်ခွင့် ရကြစေခြင်းဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေး အတွက်လည်း အထောက်အပံ့ဖြစ်ကါ၊ မြန်မာနိုင်ငံသား အလုပ်သမားများ အပါအဝင် ထိုင်းနိုင်ငံရောက် ရွှေ့ ပြောင်းအလုပ်သမားများ ဘဝ တိုးတက်စေရေး အတွက် မြန်မာနိုင်ငံရှေ့ နေများကောင်စီမှ ရည်စူးပါသည်။

(ခ) ဤသို့ ဖြစ်စေရန်မှာ တဦးခြင်း၊ တဖွဲ့ ခြင်းလုပ်ဆောင်သည်ထက် စုပေါင်းလုပ်ဆောင်ကြမည်ဆိုလျှင် ပိုမို ထိရောက် အကျိုးဖြစ်စေနိုင်မည်ဟု သုံးသပ်သည့်အပြင် အဆိုပါရည်မှန်းချက် အောင်မြင်စေရေးအတွက် မြန်မာနိုင်ငံ ရှေ့ နေများကောင်စီအနေဖြင့် မည်သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့ အစည်းများနှင့် မဆို ကမ္ဘာတဝှမ်းလုံးရှိမည်သည့်နေရာ ဒေသ၌မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့် ရှိပါသည်။

(ဂ) ပူးပေါင်း ဆောင်ရွက်လိုသော သဘောထားရှိ ပါက မြန်မာနိုင်ငံရှေ့ နေများကောင်စီ၊ ဥပဒေ ရေးရာ အထောက်အကူပြုဌာန တာဝန်ခံ ဦးမြင့်သိဏ်း ( ဖုံး– ၆၆– ၀၇– ၈၀၈ ၃၅၅၂) နှင့် ဆက်သွယ်စေလိုပါသည်။

၁၄။ ထိုင်းနိုင်ငံအတွင်းသို့ နည်းလမ်း ပေါင်းစုံဖြင့်ရောက်ရှိလာပြီး အလုပ်လုပ်ကိုင်လျှက် ရှိကြသော မြန်မာနိုင်ငံသား အလုပ်သမားများအားလည်း အောက်ပါအတိုင်းအကြံပြုအပ်ပါသည်။

(က) ထိုင်းနိုင်ငံအတွင်း၌ နေထိုင် အလုပ်လုပ်ကိုင်လျှက်ရှိစဉ်အတွင်း ဥပဒေ စိုးမိုးရေး အခြေခံဖြင့် ထိုင်းနိုင်ငံမှ ပြဌာန်းထားသော ဥပဒေများကို လေးစားလိုက်နာကြစေလိုပါသည်။ မိမိတို့ အခွင့်အရေးနစ်နာဆုံးရှုံးမှုများ ဖြစ်ပွားနေပါလျှင်လည်း ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဥပဒေဘောင် အတွင်းမှ အရေးဆိုကြစေလိုပါသည်။

(ခ) မြန်မာနိုင်ငံသား အလုပ်သမားများ တရားဝင်အဆင့်အတန်းမရရှိသည့် အတွက် အခွင့်အရေး ဆုံးရှုံးမှုများကို မြန်မာနိုင်ငံရှေ့ နေများကောင်စီ အနေဖြင့် လေ့လာသုတေသန ပြုလျှက် ရှိပါသည်။ မိမိတို့ ကိုယ်တိုင်ကြုံတွေ့ ကြရသော ဖြစ်ရပ်များအား မြန်မာနိုင်ငံရှေ့ နေများကောင်စီ ဥပဒေရေးရာအထောက်အကူပြုဌာနမှ တာဝန်ရှိသူများ (ဖုံးနံပါတ် ၀၅၅ ၅၃၁၆၅၅ နှင့် ၀၅၀၆၅၇၇၇၈၉) သို့ ဆက်သွယ်ကာ သတင်းပေးပို့ ပူးပေါင်းဆောင်ရွက်ကြစေလိုပါသည်။

(ဂ) ထိုင်းနိုင်ငံ တောင်ပိုင်း တွင် ဆူနာမီလျှော်လိုင်း ဒဏ်ခံစား ရပြီးနောက် အလုပ်သမားများ အနက် အချို့ သည် စုစည်းလာကြပြီး ဆူနာမီ အလုပ်သမားအကျိုးဆောင်အဖွဲ့ ကို ဖွဲ့စည်းလှုပ်ရှားလျှက်ရှိကြသည်။ ဆူနာမီ လှော်လှိုင်း ဒဏ်ခံစါးရပြီး သေဆုံး၊ ထိခိုက်ဒဏ်ရာ ရ၊ ဘဝပျက်စီးသွားခဲ့ကြ ရသူများ၊ မိသားစုများ၊ အတွက် ရ သင့်ရထိုက်သော ခံစားခွင့်များ ရရှိစေရေး အတွက် ပူးပေါင်းဆောင်ရွက်လိုသောကာယကံရှင်များ၊ အလုပ်သမား မိတ်ဆွေများအနေဖြင့် အဆိုပါ အလုပ်သမားအဖွဲ့ နှင့် ဆက်သွယ်ဆောင်ရွက်ကြစေလိုပါသည်။

(ဆူနာမီ) မြန်မာနိုင်ငံအလုပ်သမားအကျိုးဆောင်အဖွဲ့ –

| | | |
|---|---|---|
| ဦးဝင်းလွင် | (ဥက္ကဋ္ဌ) | ၀၁ ၄၇၇ ၁၄၀၅ |
| ဦးသိုးအောင် | (အတွင်းရေးမှူး) | ၀၄ ၈၃၇ ၂၂၈၈ |

ပိုမိုသိရှိလိုပါလျှင် ––– ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ
ဖုံး (၆၆) (၀၁) ၅၃၃ ၀၆၀၅

နေ့စွဲ ။ စက်တင်ဘာ (၁) ရက် ၊ ၂၀၀၅ ခုနှစ်။